# ကမ္ဘာ့စီးပွားပျက်ကပ်– ဇကာ့တ်နှင့် အတိုးစားခြင်း

ကရုဏာရှင် အကြင်နာရှင် ဖြစ်သော အလ္လာဟ်အရှင်၏ ဂုဏ်တော်အားဖြင့်

အခုအချိန်ဟာ ကမ္ဘာ့စီးပွားရေး ပျက်ကပ် ဆိုက်ရောက်နေတဲ့ အချိန်ဖြစ်တယ်။ ဘယ်လိုကပ်မျိုးပဲ ဆိုက်ဆိုက် ရှေ့ဆုံးမှ ခံရသူ တွေကတော့ ငွေကြေးမပြည့်စုံတဲ့ ဆင်းရဲသား လူတန်းစားတွေပဲ ဖြစ်ပါတယ်။ လူသားတွေအတွက် ထိခိုက်နစ်နာလာတဲ့ ဘယ်လို အရေးကိစ္စမျိုးမှာ မဆို ကျွန်တော်တို့ လူသား ညီအစ်ကို မောင်နှမတွေက ဝိုင်းဝန်း ဖြေရှင်းရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းထားတဲ့ ကျမ်းမြတ်ကုရ်အံကို လက်ခံယုံကြည်ထားတဲ့ ကျွန်တော်တို့ အစ္စလာမ် သာသနာဝင်တွေမှာ ပိုပြီး တာဝန် မကင်းဘူးလို့ ထင်ပါတယ်။

ကျွန်တော်တို့ တတွေဟာ ငွေကြေးအားနဲ့ တတ်နိုင်ရင် ငွေကြေးအားနဲ့၊ အကြံဉာဏ်အားနဲ့ တတ်နိုင်ရင် အကြံဉာဏ်အားနဲ့ ဝိုင်းဝန်း ဖြေရှင်းရမယ်၊ အခြားသော ညီအစ်ကိုမောင်နှမတွေကိုလည်း မိမိမှာ ရှိတဲ့ အကြံဉာဏ်တွေကို ဝေမှ ပြောပြရမှာ ဖြစ်တယ်။

လူသားတွေဟာ ဘယ်လို အခြေအနေမျိုးမှာ စီးပွားပျက်ကပ် ဆိုက်နိုင်တယ်၊ ဘယ်လို အခြေအနေမျိုးမှာ ရောဂါဘယတွေ ထူပြောနိုင်တယ်၊ ဘယ်လို အခြေအနေမျိုးမှာ ပြည်တွင်းစစ်တွေ ဖြစ်နိုင်တယ်– ဆိုတာကို ကျမ်းမြတ်ကုရ်အံမှာ သီအိုရီတွေ နိယာမတွေ– သွန်သင်ပေးမှုတွေ ရှိနေပါတယ်။ အဲ့ဒီလို အခြေအနေအတွေက ကာကွယ်မယ့် နည်းလမ်းတွေကိုလည်း လူသားတွေကို ပေးထားပါတယ်၊–

ကျမ်းတော်က ပေးတဲ့ သီအိုရီကတော့ ပုံမှန်လည်ပတ်နေတဲ့ အရာ တစ်ခုကို တစ်နေရာက ဖြတ်ပိတ်လိုက်ရင် အဲ့ဒီကိစ္စနဲ့ ဆက်စပ်နေတာတွေအားလုံး ကမောက်ကမ ဖြစ်သွားမယ် ဆိုတာပါပဲ။ အခု လူသားတွေကြုံနေရတာ စီးပွားပျက်ကပ် ဆိုတော့– ငွေကြေး လည်ပတ်မှု လမ်းကြောင်းရဲ့ တစ်နေရာရာမှာ ပိတ်ဆို့နေတယ်၊ အဖုအထစ် ဖြစ်နေတယ် ဆိုတာ သေချာပါတယ်၊–

ကမ္ဘာနဲ့ အဝှမ်းလည်ပတ်နေတဲ့ ငွေကြေးတွေဟာ– ကမ္ဘာ့ ဘီလီလျံနာကြီးတွေမှာ သွားပြီး အနယ်ထိုင်နေတာလား၊ ကမ္ဘာ့ ဘဏ်ကြီးတွေဆီမှာ သွားပြီး အနယ်ထိုင်နေတာလား၊ သို့မဟုတ် သူဌေးလေး– သူဌေးကြီး တွေဆီမှာ ပြန့်နှံ့ပြီး ချောင်ပိတ် မိနေတာလား၊ ဒါမှမဟုတ် ရုပ်ဝတ္ထုပစ္စည်းတွေကို ငွေကြေးနဲ့ လဲလှယ်မှု အချိုးအစား မညီမျှတာလား ဆိုတာကို အရင် အဖြေ ထုတ်ရပါမယ်။

ဘယ်လိုဖြစ်ဖြစ်– ဒီလို စီးပွားပျက်ကပ်တွေကို ဖြေရှင်းဘို့ ကျမ်းတော်မှာ ချမှတ်ပေးထားတဲ့ သီအိုရီကတော့–ဇကာ့တ်လို့ ခေါ်တဲ့ ငွေ သို့မဟုတ် စီးပွားလည်ပတ်မှု လမ်းကြောင်း သန့်စင်အောင် ပြုလုပ်ခြင်းပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ကျမ်းတော်မှာ ဇကာ့တ်နဲ့ ဆွလတ်ကို မကြာခဏ ပူးတွဲ ဖေါ်ပြထားတာပါ၊ လူတစ်ယောက်ဟာ အပြင်လောက က ထိကပ်တဲ့ မသန့်စင်မှုတွေ ကို သန့်စင် စေဘို့ အတွက် တစ်နေ့မှာ ငါးကြိမ် ဆွလတ်တည်ဆောက်သလို၊ စက္ကန့်နှင့် အမျှ လည်ပတ်နေတဲ့ စီးပွားရေး လမ်းကြောင်းကို သန့်စင်စေဘို့လည်း မကြာခဏ သတိမူ ဆင်ခြင်နေရမှာ ဖြစ်ပါတယ်။

တကယ်တော့– အဲ့ဒီလို ငွေကြေးတွေကို စုဆောင်း သိုလှောင်ထားပြီး အနယ်ထိုင်အောင် လုပ်ထားခြင်းဟာ– စုထားသူ အတွက်ရော– ကျန်တဲ့သူတွေ အတွက်ပါ အကျိုးမရှိ၊ အကျိုးယုတ်စရာ အကြောင်းသာ ဖြစ်ပါတယ်၊ ဒီလိုပြောလို့ ငွေကြေး မစုရဘူး၊ ငွေကြေးချမ်းသာအောင် မကြံဆောင်ရဘူးလို့ ဆိုလိုတာ မဟုတ်ပါ၊– ငွေကြေးချမ်းသာ လာလေလေ အဲ့ဒီငွေကြေးကို သန့်ရှင်း ဖြူစင်အောင် လုပ်ရမယ်လို့ သတိထားဘို့ကို ဆိုလိုတာပါ၊ ငွေကြေးချမ်းသာလာတဲ့ လူတွေဟာ– မိမိလက်အောက် ငယ်သားကို ပိုမိုကြည့်ရှု စောင့်ရှောက်ရမယ်၊ မိမိထက်နွမ်းပါးသူတွေကို မိမိတတ်အားသမျှ ထောက်ပံ့ရပါမယ်၊– ထောက်ပံ့တယ် ဆိုတာ– သူတောင်းစား မွေးမြူရေး ပေါ်လစီနဲ့ ပေးကမ်းတာမျိုးလည်း မဟုတ်စေရပါဘူး– နွမ်းပါးသူတွေအတွက် အလုပ် အကိုင်တွေ ဖန်တီးပေးရမယ်၊ မိမိငွေကြေးနဲ့ လုပ်ငန်းတွေ ချဲ့ထွင်ရမယ်၊ စသည်ဖြင့် ကောင်းမွန်တဲ့ စနစ်တစ်ခုကို ကြံဆရမယ်လို့ ဆိုလိုတာပါ၊– အဲ့ဒီအခါ– လုပ်ငန်းတွေပေါလာမယ်၊ နွမ်းပါး သူတွေ ဘဝမြင့်မားလာမယ်၊ မိမိလည်း ဝင်ငွေတွေ ပိုရလာမယ်၊ စသည်ဖြင့် အဘက်ဘက်က သာယာပါလိမ့်မယ်။ စီးပွားပျက်ရတာ– စားရေရိက္ခာကြောင့်ဆိုရင်– ငွေရှင်ကြေးရှင်တွေက စိုက်ပျိုးရေးလုပ်ငန်းတွေ၊ ရေသွင်းရေထုတ်လုပ်ငန်းတွေ၊ စိတ်ပျိုးပင်များအတွက် မျိုးစေ့ တီထွင်ခြင်း လုပ်ငန်းတွေ– စိုက်ပျိုးကုန် များအတွက် သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေ အများကြီး လုပ်စရာရှိပါတယ်၊ အဲ့ဒီအခါ– အခြားသော သူများလည်း အလုပ် အကိုင်ရလာမယ်၊ စားရေရိက္ခာလည်း ပေါများလာမယ်– လူနဲ့ ပတ်ဝန်းကျင် စိုပြေလာပါ လိမ့်မယ်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ကျွန်တော်တို့ရဲ့ တမန်တော်မြတ်ကလည်း "သင်တို့တွေအနေနဲ့– အနည်းဆုံး မိမိရဲ့ အရှေ့အနောက် တောင်မြောက် ၇ အိမ်ရဲ့ စားဝတ်နေ ရေးကို ကြည့်ရှုပါ။" လို့မှာကြားချက် ရှိပါတယ်၊ ဆိုလိုတာက အရှေ့ ၇ အိမ်၊ အနောက် ၇ အိမ်၊ တောင် ၇ အိမ် မြောက် ၇ အိမ် စုစုပေါင်း ၂၈ အိမ်– အဲ့ဒီလူသားတွေရဲ့ စားဝတ်နေရေး မပြေလည်ပဲ ကိုယ်တစ်ဦးထဲက သူဌေးလုပ် နေခြင်းကို ဘာသာ ရေးအရ တရားမဝင်ဘူးလို့ ဆိုလိုပါတယ်၊ အဲ့ဒီ အိမ်တွေဆိုတာမှာလည်း မူဆလင်တွေချည်း ဖြစ်ရမယ်လို့ မဆိုလိုခဲ့ဘူး၊ အိမ်နီးနားချင်း အားလုံး ပါဝင်ပါတယ်။ ဘယ်သူသေသေ ငတေမာ ပြီးရော ဆိုတဲ့ စနစ်ကို အစ္စလာမ်က လက် မခံပါဘူး၊ လူသားတွေအားလုံး ချစ်ခင်စည်းလုံးပြီး ငြိမ်းချမ်းတဲ့ လူ့ဘောင်ကို ထူထောင်ဘို့ပဲ တိုက်တွန်းထားပါတယ်။

နောက်တစ်ချက်က– စီးပွားရေး ပျက်ကပ်ဆိုက်တဲ့ အကြောင်းရင်းထဲမှာ– မတော်မတရား ခေါင်းပုံဖြတ် အတိုးကြီးစားမှု တွေဟာလည်း အကြောင်းတစ်ရပ်အနေနဲ့ ပါဝင်နေပါတယ်၊ ကမ္ဘာ့နိုင်ငံကြီး တော်တော်များများက ဘဏ်တွေမှာ– တိုက်ဝယ်ဘို့ ကားဝယ်ဘို့ ဇိမ်ခံပစ္စည်းတွေ ဝယ်ဘို့ ငွေတွေ ထုတ်ချေးတယ်၊ ပြီးတော့ အလွန်ကြီးမားတဲ့ အတိုးနှုန်းနဲ့ လူတွေကို ဝန်ထုပ်ကြီး ထမ်းခိုင်းထားပါတယ်၊– လုပ်ငန်းရှင်တွေကိုလည်း ငွေတွေ ထုတ်ချေးပေးပြီး အတိုးကြီးယူထားတာတွေ ရှိပါတယ်၊ စီးပွားရှင် တစ်ဦးဟာ မတော်တဆ တစ်နေရာမှာ အခက်အခဲဖြစ်ရင် သူ့ကြွေးကို သူမဆပ်နိုင်ဘဲ ဒေဝါလီခံရပါတော့တယ်၊– တကယ်တော့ အဲ့ဒီလို အတိုးကြီးယူ ထားသူ ဟာလည်း လတ်တလောမှာ– အတိုးအများကြီး ရသလို ရှိပေမယ့်– တကယ်လို့ သူ့ဆီက ငွေချေးယူထားတဲ့ ကုမ္ပဏီ ၇၀ ရာနှုန်းလောက် ဒေဝါလီခံလိုက်ပြီဆိုရင်– သူ့ဘဏ်လည်း စီးပွားပျက်သွားတော့ တာပဲ မဟုတ်လား၊ ဒီတော့ အတိုးကြီးစားတဲ့ စနစ်ဟာလည်း နှစ်ဦးနှစ်ဘက်လုံးကို အကြီးအကျယ် နစ်နာစေပါတယ်၊ လုပ် ငန်းရှင်နဲ့ ငွေစိုက်သူ နှစ်ဦးနှစ်ဘက် ဆုတ်သာ တက်သာ ရှိတဲ့ စနစ်ကို စနစ်တကျ စီမံချက် ချတတ်ဘို့လိုပါတယ်၊ ကျွန်တော်တို့ ကျမ်းမြတ်ကုရ်အံမှာ အတိုးစားခြင်းကို လုံးဝ ပိတ်ပင်ထားပြီး– စီးပွားကုန်ကူသန်းခွင့် ဖက်စပ်လုပ်ခွင့်၊ ပူးပေါင်းဆောင် ရွက်ခွင့်တွေကို ပြဌာန်းထားပါတယ်၊ (ကုရ်အံ ၂း၂၇၅–၂၇၆)။

လက်ရှိ ခရစ်ယာန် ပုပ်ရဟန်းမင်းကြီး ဘင်နဒက် (၁၆) ကိုယ်တိုင်က– ဘာတီကန်စီတီး သတင်းစာမှာ– "အစ္စလာမ့် ဘဏ် စနစ်ကို လေ့လာပါ၊ အစ္စလာမ့် ဘဏ်စနစ်အတိုင်း လည်ပတ်ရင်– စီးပွားပျက်ကပ် ဆိုက်စရာ အကြောင်းမရှိဘူး၊" လို့ တရားဝင် ဆိုထားပါတယ်။

ကျွန်တော်တို့တွေဟာ– ကျွန်တော်တို့မှာ ရှိနေတဲ့ ကုရ်အံထဲက နိယာမတွေကို ဖေါ်ထုတ်ရမယ်၊ အဲ့ဒီ နိယာမတွေအတိုင်း အကောင်အထည်ဖေါ်ရမယ်၊ ကိုယ့်အချင်းချင်း လူသားညီအစ်ကို အချင်းချင်း ပြောပြရမယ်၊ ကူညီရမယ်၊ တစ်ယောက် အပြစ် တင်နေယုံနဲ့ လောကကြီးက ငြိမ်းချမ်းလာမှာ မဟုတ်သလို ကြုံလာတဲ့ ကပ်ဆိုးတွေကလည်း လွတ်မြောက်နိုင်မှာ မဟုတ်ပါဘူး။

ကျွန်တော့်အနေနဲ့– အစ္စလာမ်က ပြောဆိုတဲ့ ဇကတ်စနစ်နဲ့ အတိုးကြီးစားခြင်းအား ပိတ်ပင်ထားခြင်းများကို လူသား အားလုံး နားလည်လာပါစေလို့ မေတ္တာပြုရင်း––––––

ဆရာဦးအောင်ဒင် (မြန်မာစာ– အငြိမ်းစား)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com